# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ထုတ်ပြန်ကြေညာချက်

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်တွင်းနိုင်ငံရေးအင်အားစုများအားလုံး၏ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေး၊အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုများကို တက်ကြွစွာထောက်ခံပံ့ပိုးနိုင်ရေးအတွက် **NCUB** တပ်ပေါင်းစုမှ ၂၀၀၉ ခုနှစ်၊ နှစ်သစ်ကူးကြေညာချက်တစောင်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဤထုတ်ပြန်ကြေညာချက်၏ ရည်ရွယ်ရင်းမှာ ပြင်ပရှိအင်အားစုများအားလုံးအနေနှင့် စုစည်းညီညွတ်စွာ လုပ်ဆောင်နိုင်မည့်နိုင်ငံရေးလုပ်ငန်းစဉ်တရပ်ကို အဆိုပြုတင်ပြခြင်းသာဖြစ်ပါသည်။ အမျိုးသားသွေးစည်းညီညွတ်ရေးမှတဆင့် ခိုင်မာကျယ်ပြန့်သည့်နိုင်ငံရေးဦးဆောင်မှုတရပ်ကို ဖော်ဆောင်နိုင်ရန် **NCUB** တပ်ပေါင်းစု၏ကနဦး တင်ပြချက်လည်းဖြစ်ပါသည်။

နှစ်သစ်ကူးကြေညာချက်အပေါ် ကြိုဆိုထောက်ခံမှုများ၊ ဝေဖန်အကြံပြုမှုများအားလုံးကို လက်ခံရရှိပါသည်။ လက်ရှိနိုင်ငံရေးအခြေအနေအောက်တွင် လက်တွေ့ကျသော တိုက်ပွဲဝင်လုပ်ငန်းစဉ်တရပ်ကို ကြေညာချက်တခုတည်းနှင့် လွှမ်းခြုံအောင် တင်ပြနိုင်ရန် ခဲယဉ်းသဖြင့် အမြင်ရှုပ်ထွေးမှုများ၊ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်ဟု ယူဆပါသည်။ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို တက်ကြွစွာအကြံပြုကြခြင်းဖြစ်သည်ဟု ယုံကြည်၍ တုံ့ပြန်ချက်အားလုံးကို **NCUB** မှ လှိုက်လှဲစွာ ကြိုဆိုပါသည်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလာဒ်ပေါ်တွင် အခြေခံသည့် အမျိုးသားညီညွတ်ရေးလွှတ်တော် **(De-facto Parliament)** တရပ်ပေါ်ပေါက်ရေးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ **(National Unity Government)** တရပ် ဖွဲ့စည်းသွားရေးအဆိုပြုချက်မှာ **NCUB** တပ်ပေါင်းစုတဖွဲ့တည်း၏ စဉ်းစားချက်မဟုတ်ပါ။ ကျယ်ပြန့်သောအင်အားစုအားလုံးပါဝင်သည့် မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲများမှ အများသဘောတူညီထားချက်အပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ **(MPU)** စတုတ္တအကြိမ်ညီလာခံမှ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ **(NCGUB)** ကို တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် သင့်တော်သောပုဂ္ဂိုလ်များဖြင့် တိုးချဲ့ဖွဲ့စည်းသွားရန် ဆုံးဖြတ်ချက်အပေါ် အခြေခံ၍သော်လည်းကောင်း၊ **NCUB** ၏ အမြင်သဘောထားကို ကမကထပြု၍ တင်ပြခြင်းသာဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်နှင့် နအဖစစ်အုပ်စုကို အပြီးသတ် ဖယ်ရှားနိုင်ရေးအတွက် လူမျိုးစုံပြည်သူလူထုတရပ်လုံးကို ကိုယ်စားပြုနိုင်သည့် တခုတည်းသော တိုက်ပွဲဝင်လူထုအစိုးရတရပ် ဖော်ဆောင်နိုင်ရေးအတွက် အင်အားစုအားလုံးသဘောတူညီချက်အပေါ်တွင် အခြေပြု၍ **NCUB** မှ တက်ကြွစွာ အဆိုပြုတင်ပြခြင်းလည်းဖြစ်ပါသည်။

မိမိတို့ ဒီမိုကရေစီလှုပ်ရှားမှုကြီးအတွင်း နိုင်ငံရေးပါတီများ၊ ဒီမိုကရေစီအဖွဲ့အစည်းများ၊ အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၊ လက်နက်ကိုင်တော်လှန်ရေးဆက်လက်ဆင်နွှဲနေသော တိုင်းရင်းသားအင်အားစုများအသီးသီးက မတူညီသောအခြေအနေအောက်တွင် မတူညီသော ပုံသဏ္ဌာန်များဖြင့် လှုပ်ရှားတိုက်ပွဲဝင်နေကြသည်ကို **NCUB** အနေဖြင့် နားလည်အသိအမှတ်ပြုပါသည်။ **NCUB**သည် ကျယ်ပြန့်သော နိုင်ငံရေးတပ်ပေါင်းစုဖြစ်သည့်အားလျော်စွာ အင်အားစုအားလုံးနှင့်လက်တွဲ၍ နိုင်ငံရေးတိုက်ပွဲ၊ လူထုတိုက်ပွဲ၊ သံတမန်ရေးတိုက်ပွဲများတွင် တက်ကြွစွာ ဦးဆောင်ပါဝင်သွားမည်ဖြစ်ကြောင်း အလေးအနက် ထပ်လောင်းသံဓိဋ္ဌာန်ပြုအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)**

ဆက်သွယ်ရန် – ခွန်းမားကိုဘန် – ဖုန်း – ၀၈၅ ၂၅၂ ၅၄၉၆
– ဦးမြင့်သိဏ်း – ဖုန်း – ၀၈၇ ၈၀၈ ၃၅၅၂